## ရူပါရုံ

Every Nation မြန်မာသည် ခရစ်တော်ကို ဗဟိုပြုခြင်း၊ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း၊ လူမှုအသိုင်းအဝိုင်း၌ တာဝန်ရှိစွာပါဝင်ခြင်းဖြင့် ဘုရားသခင်အား ဂုဏ်ပြုသည့် အသင်းတော်များနှင့် ကျောင်းပရဝုဏ်တွင်း အမှုတော်လုပ်ငန်းများကို မြန်မာနိုင်ငံ နှင့် နိုင်ငံတကာ၌ တည်ထောင်ရန် တည်ရှိနေခြင်းဖြစ်သည်။



# AWESOME GOD

MIDYEAR PRAYER, FASTING & CONSECRATION

အကောင်းမြတ်ဆုံး ဘုရား

**နှစ်လည် အစာရှောင်ဆုတောင်းခြင်း**

ဇူလိုင် ၅ - ၉ ၊ ၂၀၂၁

EVERY NATION
CHURCH · YANGON

# မာတိကာ


အစာရှောင်ရန်ပြင်ဆင်ခြင်း . . . . . . . . . . . . . . . . . . . . . ၃

ကျွန်ုပ်၏အစီအစဉ် . . . . . . . . . . . . . . . . . . . . . ၈

ပထမနေ့ - ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိသည် . . .. . . . . . . . . . . . . . ၁၄

ဒုတိယနေ့ - ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ . . . . . . . . . . . . . . . . ၁၉

တတိယနေ့ - ဘုရားသခင်သည် ကျွန်ုပ်တို့၏ လမ်းပြပေးသူ . . . ......... . . . . .. . . . ၂၅

စတုတ္ထနေ့ - ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသစ်ပြုပြင်မွမ်းမံပေးသူ . . . . . . . . . ၂၉

ပဉ္စမနေ့ - ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည် . . .... . . . . . . . . . . ၃၃

# အစာရှောင်ရန်ပြင်ဆင်ခြင်း

## အဘယ်ကြောင့် အစာရှောင်သနည်း။

အစာရှောင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်စေရန်၊ နိုင်ငံများ၏ ကြမ္မာကို ပြောင်းလဲရန်၊ ယုံကြည်ခြင်းပြန်လည်နိုးကြွမှုကို အစပျိုးပေးရန်နှင့် လူတို့၏ အသက်တာများတွင် အောင်မြင်ခြင်းကို ဆောင်ကြဉ်းပေးရန် ဘုရားသခင် အသုံးပြုသော တန်ဆာပလာ ဖြစ်သည်။

## သခင်ယေရှု အစာရှောင်ခြင်း

*'ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲ နေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။'* **ရှင်မဿဲ ၄း၁-၂**

*'ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍ သတင်းတော်သည် ပတ်ဝန်းကျင် အရပ်တို့၌ အနှံ့အပြား ကျော်စောလေ၏။'* **ရှင်လုကာ ၄း၁၄**

သခင်ယေရှုသည် သူ၏ ရည်ရွယ်ချက်များ ပြီးပြည့်စုံလာစေရန် ဝိညာဉ်ခွန်အား လိုအပ်လိမ့်မည်ကို သိခဲ့သည်။ အစာရှောင်ခြင်းသည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးရာ အားကောင်းလာစေရန် ပြုလုပ်ပေးပြီး ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်နိုင်ရန် ပြင်ဆင်ပေးသည်။

## အစာရှောင်ခြင်းသည် နှိမ့်ချခြင်းနှင့် ဆက်ကပ်အပ်နှံခြင်းကို ပုံဆောင်သည်။

*'ထိုအခါ ဥစ္စာများမှစ၍ သူငယ်များနှင့်တကွ ငါတို့သွားစရာ မှန်သောလမ်းကို ဘုရားသခင်၌ရှာ၍ ရှေ့တော်မှာ ခြိုးခြံစွာ ကျင့်ခြင်းငှာ အဟာဝမြစ်နားတွင် အစာရှောင်ရာအချိန်ကို ငါ ကြော်ငြာ၏။'* **ဧဇရမှတ်စာ ၈း၂၁**

ကျွန်ုပ်တို့သည် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် နှိမ့်ချခြင်းရှိကြသောအခါ ဘုရားသခင်၏ ကျေးဇူးတော်ကို လက်ခံရရှိပြီး သူ၏ စိတ်နှလုံးကို ထိတွေ့ခွင့်ရရှိသည်။

**အစာရှောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ အာရုံခံတက်စေရန် ကူညီပေးသည်။**

*'ထိုသူတို့သည် သခင်ဘုရားဝတ်ကို ပြု၍ အစာကို ရှောင်ကြစဉ် သန့်ရှင်းသော ဝိညာဉ်တော်က ငါ ခန့်ထားသော အမှုကို ဆောင်ရွက်စေခြင်းငှာ ဗာနဗနှင့် ရှောလုတို့ကို ရွေးချယ်ခွဲထား ကြလော့ဟု မိန့်တော်မူသည်။ '* **တမန်တော် ၁၃း၂**

ကျွန်ုပ်တို့၏မက်မောတောင့်တမှုများနှင့် လောကီရေးရာ သွေးဆောင်နှောက်ယှက်မှုများကို ငြိမ်းပယ်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသံတော်ကို ပို၍ အာရုံခံစားလာကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပို၍ အာရုံစိုက်လာပြီး သူ၏ အလိုတော်ကို နာခံတက်လာကြသည်။

**အစာရှောင်ခြင်းသည် ယုံကြည်ခြင်းပြန်လည်နိုးကြွခြင်းကို ဖြစ်ပေါ်စေသည်။**

*'ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ်ကို နှိမ့်ချသဖြင့် ငါ့မျက်နှာကို ရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့ အပြစ်ကို ဖြေ၍ သူတို့ ပြည်ကို ချမ်းသာပေးမည်။ '* **ရာဇဝင်ချုပ် ဒုတိယစောင် ၇း၁၄**

သမိုင်းကြောင်းတစ်လျှောက်တွင် ဘုရားသခင်သည် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းကို တုံ့ပြန်အဖြေပေးသည့်အနေဖြင့် ယုံကြည်ခြင်းပြန်လည်နိုးကြွခြင်းကို ဖြစ်ပေါ်စေပြီး ပျက်စီးဆုံးရှုံးခြင်းများမှ နိုင်ငံများကို ကယ်နုတ်ပေးသည်။ ဆုတောင်းခြင်းနှင့် သူတစ်ပါးအတွက် ကိုယ်စားပြုဆုတောင်းပေးခြင်းများတွင် ကျွန်ုပ်တို့ ဆုတောင်းအားကောင်းလာစေရန် အစာရှောင်ခြင်းက အထောက်အကူပြုပေးသည်။

**အစာရှောင်ခြင်းသည် ကျန်းမာစေသည်။**

အစာရှောင်ခြင်းသည် သင်၏ အစာခြေအင်္ဂါစုမှ အဆိပ်အတောက်များကို ရှင်းလင်းပေးသည်။ အစာရှောင်ခြင်းသည် အချို့သော ဓာတ်မတည့်ခြင်းများနှင့် ရောဂါများအတွက် ကုထုံးတစ်မျိုးဟု ဆရာဝန်များက ယူဆကြသည်။ အစာရှောင်ခြင်း နည်းလမ်းသည် ကျွန်ုပ်တို့၏ အသက်တာတွင် ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုများကို အဆုံးသတ်သွားစေရန် အထောက်အကူပြုသည်။



## ဆုတောင်းရန်

ဘုရားသခင် ကိုယ်တော်၏ ခိုင်မြဲသော၊ သစ္စာရှိသော၊ မပျောက်ပျက်သော ချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်ကို ဘယ်သောအခါမှ စိတ်ပျက်မသွားသည့်အတွက် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် ထာဝရတည်ကြောင်းနှင့် ကိုယ်တော်၏ သနားကြင်နာခြင်းသည် ဘယ်သောအခါမှ အဆုံးမရှိကြောင်း ကျွန်ုပ်ကို နားလည်သဘောပေါက်စေပါ။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်၏နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်သဘောပေါက်ပြီး အစဉ်တည်စေနေမည့်အကြောင်း ဆုတောင်းပါ၏။ ကျွန်ုပ်အပေါ်တွင် ကိုယ်တော်၏ ခိုင်မာသောချစ်ခြင်းမေတ္တာနှင့် သစ္စာစောင့်သိမှုရှိခြင်းအားဖြင့် အနာဂတ်ကို ရင်ဆိုင်နိုင်ပါမည့်အကြောင်း ဆုတောင်းပါ၏။ ကျွန်ုပ်၏အနားတွင်ရှိသောသူတိုင်းကို ကျွန်ုပ်အားဖြင့် ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ထင်ဟပ်ပြသနိုင်မည့်အကြောင်း ကိုယ်တော့်ကို ဂုဏ်တော်ချီးမွမ်း၍ ခရစ်တော်ထံသို့ ထိုသူတို့အား ညွှန်ပြနိုင်ပါမည့်အကြောင့် ဆုတောင်းပါ၏။ ကျွန်ုပ်၏ အိမ်၊ လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတွင်ရှိသောသူများ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို သိ၍ ကိုယ်တော်ထံသို့ တိုးဝင်ချဉ်းကပ်ရန် ဆုတောင်းပါ၏။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

## ဆင်ခြင်ရန်

ယေရမိမြည်တမ်းစကား ၃:၂၀-၂၃ ကိုဖတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်မည်သို့ခံစားသိရှိပါသနည်း။ ဘုရားသခင်၏ သနားကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာနှင့် သစ္စာစောင့်သိခြင်းကို သင် နားလည်သဘောပေါက်ခြင်းသည် အနာဂတ်ကို ရင်ဆိုင်ရန် ခွန်အားနှင့်အာမခံချက်ကို သင့်အား မည်သို့ပေးသနည်း။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပြန်လည်သိရှိခံစားရန် လိုအပ်သော မိသားစုဝင် (သို့) သူငယ်ချင်းတစ်ဦးကို စဉ်းစားကြည့်ပါ။ ထိုသူအား ခရစ်တော်ကို သိလာစေရန် သင်မည်သို့လုပ်ဆောင်နိုင်သနည်း။ သူ (သို့) သူမအတွက် သင် ယနေ့ ဘာလုပ်ပေးနိုင်သနည်း။



## သင်၏ အစာရှောင်ခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်း

*'သင်တို့သည် ကိုယ့်ကိုယ်ကို သန့်ရှင်းစေကြလော့၊ အကြောင်းမူကား နက်ဖြန်နေ့၌ ထာဝရဘုရားသည် အံ့ဘွယ်သော အမှုတို့ကို သင်တို့တွင် ပြုတော်မူမည်ဟု လူများတို့အား မှာထားလေ၏။ '* **ယောရှုမှတ်စာ ၃း၅**

**ဆုတောင်းခြင်း** - အစာမရှောင်မီ သမ္မာကျမ်းစာဖတ်ရန် အချိန်ယူပါ။ သင်၏ ဆုတောင်းခံချက်များကို လမ်းပြရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်ထံ တောင်းခံပါ။ စာမျက်နှာ ၇-၉ တွင် သင့်မိသားစု၊ မိတ်ဆွေများ၊ အသင်းတော်နှင့် နိုင်ငံအတွက် သင်၏ ယုံကြည်မှုပန်းတိုင်များနှင့် တိကျသော ဆုတောင်းခံချက်များကို ချရေးပါ။

**ဆက်ကပ်အပ်နှံခြင်း** - သင် လုပ်ဆောင်မည့် အစာရှောင်ခြင်း အမျိုးအစားနှင့်ပတ်သက်၍ ဆုတောင်းပြီး အစာမရှောင်မီ ထိုအမျိုးအစားကို ဆက်ကပ်ထားပါ။ သင်၏ အစီအစဉ်ကို စာမျက်နှာ-၅ တွင် မှတ်သားထားပါ။ သင်၏ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်နိုင်စေရန် ဘုရားသခင်ထံမှ ကျေးဇူးတော်ကို တောင်းခံပါ။

**လက်တွေ့လုပ်ဆောင်ခြင်း** - အစာရှောင်မည့်ရက် မတိုင်မီ ရက်အနည်းငယ်အလိုတွင် အစားအစာကို အနည်းဆုံးအတိုင်းအတာပဲ စ၍စားပါ။ သကြားနှင့် အဆီများသော အစားအစာကို ရှောင်ကြဉ်ပါ။ အစာရှောင်ခြင်း ရက်သတ္တပတ်အတွက် ကိုယ်လက်လေ့ကျင့်ခန်းများနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ကန့်သတ်ထားရန် စီစဉ်ပါ။ အစာရှောင်ဆုတောင်းခြင်း ရက်သတ္တပတ်တစ်လျှောက်လုံး သင်နှင့်အတူ ဆုတောင်းရန် တစ်စုံတစ်ယောက်ကို တောင်းဆို၍ စာမျက်နှာ-၇တွင် ထိုသူကို လက်မှတ်ထိုးခိုင်းပါ။

**မှတ်ချက်** - အကယ်၍ သင့်တွင် ကိုယ်ဝန်ရှိလျှင်၊ နို့တိုက်မိခင်ဖြစ်နေလျှင် (သို့) ဆေးဝါးသောက်သုံးနေရသူ ဖြစ်လျှင် ဆရာဝန်ဆီမှ အကြံဉာဏ်တောင်းပါ။ အကယ်၍ သင်၏ အခြေအနေသည် အစာရှောင်ခြင်းကို အပြည့်အဝလုပ်ဆောင်နိုင်ရန် အခြေအနေမပေးလျှင် သင့်အတွက် အဆင်ပြေမည့်အရာကို စဉ်စားဆုံးဖြတ်ပါ။

**အစာရှောင်နေစဉ်ကာလ**

*'ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။'*

**ရှင်မဿဲ ၄း၄**

**အာရုံစိုက်ခြင်း -** ဆက်ကပ်အပ်နှံထားသည့်အတိုင်း လုပ်ဆောင်ရန် သီးသန့်အချိန်သတ်မှတ်ထားပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခြင်းကို ခံယူရန် အဆင်သင့်ပြင်ထားပါ။

**ဆုတောင်းခြင်း -** သင်၏ ဒေသခံအသင်းတော်တွင် အနည်းဆုံး ဆုတောင်းအစည်းအဝေးတစ်ခုတွင် ပါဝင်ပါ။ အစာရှောင်ခြင်း ရက်သတ္တပတ်တစ်လျှောက်လုံးတွင် သင်၏မိသားစု၊ အသင်းတော်၊ သင်းအုပ်ဆရာများ၊ နိုင်ငံ၊ တက္ကသိုလ်များနှင့် အမှုတော်လုပ်ငန်းများအတွက် ကိုယ်စားပြုဆုတောင်းပေးပါ။

**ထပ်မံဖြည့်စွမ်းခြင်း -** အစားအစာစားသည့် အချိန်တွင် အစားအစာစားမည့်အစား ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းကို ပြုလုပ်ပါ။ ရေများများ သောက်ပြီး တတ်နိုင်သမျှ အနားယူပါ။ ခဏတာ ခံစားရမည့် ခန္ဓာကိုယ် အားနည်းခြင်း၊ စိတ်မရှည်ခြင်းနှင့် စိတ်ကသိကအောက်ဖြစ်ခြင်း ကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အနှောက်အယှက်များအတွက် စိတ်ကို ပြင်ဆင်ထားပါ။



ထို့အပြင် မပြောင်းလဲသောမေတ္တာတရား၊ သစ္စာရှိသောချစ်ခြင်းမေတ္တာနှင့် ကတိကဝတ်ပြုထားသော ချစ်ခြင်းမေတ္တာ ဟူ၍လည်းဘာသာပြန်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအရင်းခံသည် သူ၏လူများဖြင့် ကတိပြုထားခြင်းအပေါ် သူ၏ သစ္စာစောင့်သိမှုကို သက်သေပြနေသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူ၏လူများအပေါ် ကတိတည်၍ သစ္စာစောင့်သိလျှက် ရှိသည်။

ဘုရားသခင်သည် သူ၏ ခိုင်မြဲသော ကတိကဝတ်ပြုထားသော ချစ်ခြင်းမေတ္တာကို ပေးသည့်အပြင် ကျွန်ုပ်တို့ကို ကယ်တင်ရန်နှင့် ကျွန်ုပ်တို့နှင့်အတူရှိနေရန် သူ၏ တပါးတည်းသော သားတော် ယေရှုခရစ်ကို ပေးတော်မူသည်။ (ရှင်ယောဟန် ၃:၁၆) ဘယ်သောအခါမှ ပျောက်ပျက်မသွားသော ဘုရားသခင်၏ ချစ်ခြင်းကတိကဝတ်ကြောင့် သူသည် ကျွန်ုပ်တို့ဆီသို့ စိတ်သက်သာရာရခြင်းနှင့် မျှော်လင့်ချက်ကို ဆောင်ကြဉ်းပေးသည်။ (ယေရမိမြည်တမ်းစကား ၃:၂၀-၂၃) သူသည် ကျွန်ုပ်တို့ကို ဦးဆောင်၍ လမ်းပြရန် အခိုင်အမာကတိပြုထားပြီး (ထွက်မြောက်ရာ ၁၅:၁၃) ကျွန်ုပ်တို့ကို အသစ်တဖန်ပြုပြင်ပေးမည်ဖြစ်ကြောင်း ယုံကြည်နိုင်သည်။ (ယေရမိ ၃၃:၁၁-၁၃) မည်သည့်ကောင်းသော အရာကို ကျွန်ုပ်တို့ ဆုံးရှုံးရပါစေ ယခုအချိန်ဖြစ်စေ (သို့) နောင်တစ်ချိန်တွင်ဖြစ်စေ ဘုရားသခင်သည် ထိုအရာကို ပြန်လည်ရရှိစေ၍ ပိုကောင်းသောအရာတစ်ခုခုကို ကျွန်ုပ်တို့အား ပေးနိုင်သည်။

ဘုရားသခင်သည် သူ၏ဖြစ်တည်မှုအတိုင်း အံ့သြဖွယ်ကောင်းသောဘုရားသခင်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သူ၏ ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့ကို စိတ်ချ ယုံကြည်မှုရှိစေသည်။

**ထို့ကြောင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် သူ၏ခိုင်မြဲသော ချစ်ခြင်းမေတ္တာသည် ထာဝရတည်မြဲမည်ဖြစ်သည့်အတွက် ကျန်ရှိသော နှစ်ကာလတွင် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းနိုင်ရန် မျှော်လင့်လျှက် ကျွန်ုပ်တို့၏ နှစ်ဝက် အစာရှောင် ဆုတောင်းခြင်း ကို အဆုံးသတ်နိုင်ပါသည်။**

ထိုအရာများသည် ဘုရားသခင်၏ဖြစ်တည်မှုနှင့် သဘောသဘာဝကို ပြန်လည်ဖော်ပြပေးသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။

ဓမ္မဟောင်းကျမ်းထဲ၌ ဘုရားသခင်သည် သူ မည်သူဖြစ်ကြောင်း ပြောရာတွင် ခိုင်မြဲသော ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝသောသူအဖြစ် သူ့ကိုယ်သူ ဖော်ပြထားသည်။ (ဆာလံ ၁၀၃:၈) English Standard Versionအရ “steadfast love” (ခိုင်မြဲသောချစ်ခြင်းမေတ္တာ)ဟု ဘာသာပြန်ထားသော မူလစကားလုံးမှာ ဟေဗြဲစကားလုံး khesed ဖြစ်သည်။ ထိုစကားလုံးသည် အဓိပ္ပါယ်အလွန်ပြည့်ဝသောစကားလုံးဖြစ်၍ အင်္ဂလိပ်နှင့် ဖိလစ်ပိုင် ဘာသာ စကားအပါအဝင် ဘာသာစကားများစွာတွင် ထိုစကားလုံးနှင့် အဓိပ္ပါယ်ထပ်တူ ညီသော စကားလုံးမျိုး မရှိပါ။ Khesed ကို ချစ်ခြင်းမေတ္တာ၊ ခိုင်မြဲသောချစ်ခြင်းမေတ္တာ၊ မပြောင်းလဲသောချစ်ခြင်းမေတ္တာ၊ သစ္စာရှိသောမေတ္တာတရား၊ ချစ်ခြင်းကရုဏာတော်နှင့် သနားကြင်နာခြင်း ဟူ၍ ဘာသာပြန်ဆိုထားကြသည်။ ထိုဘာသာပြန်ဆိုချက်အားလုံးသည် khesed ၏ဆိုလိုရင်းကို ထင်ဟပ်စေသော်လည်း စကားလုံး၏ အဓိပ္ပါယ်အပြည့်အဝကို မဖော်ဆောင်နိုင်ပါ။

ထိုစကားလုံးသည် အများအကျိုးကိုဦးစားပေးသော ဘုရားသခင်၏ အားပေးလှုံ့ဆော်မှု အကြောင်း ပြောထားခြင်းကြောင့်ဘုရားသခင်၏ Khesedကို ချစ်ခြင်းမေတ္တာဟု ဘာသာ ပြန်ဆိုထားသည်။ ဘုရားသခင်သည် တစ်ကိုယ်ကောင်းဆန်သောသူ မဟုတ်ပါ။ သူသည် အခြားသူများ၏ အကျိုးကို သူ၏ကိုယ်ကျိုးထက် ပို၍ဦးစားပေးထားသည်။ သူ၏ချစ်ခြင်း မေတ္တာသည် စိတ်ကူးယဉ်ဆန်သောအချစ်မျှသာ မဟုတ်သောကြောင့် Khesed ကို ချစ်ခြင်းကရုဏာတော်နှင့် သနားကြင်နာခြင်းဟု ဘာသာပြန်ထားသည်။ သူ၏ ချစ်ခြင်း ကရုဏာတော်နှင့် သနားကြင်နာခြင်းအားဖြင့် သူ ချစ်မြတ်နိုးသောသူများ၏ အကျိုးအတွက် လုပ်ဆောင်တော်မူသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ခိုင်မြဲ၍ ဘယ်သော အခါမှ ပျောက်ပျက်သွားမည် မဟုတ်သောကြောင့် ဟေဗြဲစကားလုံးကို ခိုင်မြဲသောချစ်ခြင်း မေတ္တာဟု ဘာသာပြန်ဆိုထားသည်။ ကျွန်ုပ်တို့သည် ထိုက်တန်သောသူ (သို့) သစ္စာရှိသောသူ ဖြစ်ခြင်း မဖြစ်ခြင်းအပေါ်တွင်သူ၏ချစ်ခြင်းမေတ္တာသည်မမူတည်ပါ။ သူသည် အစဉ်အမြဲ သစ္စာရှိသော ဘုရားသခင်ဖြစ်သည်။



**အစာရှောင်ခြင်းကို အဆုံးသတ်ခြင်း**

*'ငါတို့သည် ဘုရားသခင် အထံတော်၌ ရဲရင့်ခြင်း အကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသော ဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့ သိလျှင် အထံတော်၌ တောင်းသောဆုတို့ကို ရမည်ဟု သိရကြ၏။'*

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၅း၁၄-၁၅**

**စားပါ -** အစားအစာများကို ဖြည်းဖြည်းချင်း ပြန်လည်စားသုံးပါ။ သင်၏ ခန္ဓာကိုယ်သည် ပုံမှန်စားနေကျအတိုင်း ကျင့်သားရရန် အချိန် လိုအပ်သည်။ အသီးများ၊ ဖျော်ရည်များနှင့် အသုပ်တို့ကို စားပြီးနောက် ဟင်းသီးဟင်းရွက်များကို ထပ်စားပါ။ တစ်နေ့တာလုံး အစားအစာပမာဏ နည်းနည်းစီ စားပါ။

**ဆုတောင်းပါ** - ဆုတောင်းခြင်းကို မရပ်လိုက်ပါနှင့်။ ဘုရားသခင်၏ သစ္စာရှိမှုနှင့် အချိန်ကိုက်လုပ်ဆောင်နိုင်စွမ်းကို ယုံကြည်ပါ။ တစ်နှစ်တာပတ်လုံး ဘုရားသခင်အတွက် သင်၏ မကြာသေးမီကခံစားမိသော စိတ်အားထက်သန်မှုကို ထိန်းသိမ်းထားပါ။ သင်၏ ဆုတောင်းခံချက်များကို အဖြေပေးမည်ဟု ဘုရားသခင်အပေါ် သက်ဝင်ယုံကြည်မှုရှိပါ။

## ကျွန်ုပ်၏ အစီအစဉ်

(၁) ရက်

- ☐ ရေသန့်
- ☐ သစ်သီးဖျော်ရည်
- ☐ ထမင်းတစ်နပ်စား
- ☐ တခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

(၂) ရက်

- ☐ ရေသန့်
- ☐ သစ်သီးဖျော်ရည်
- ☐ ထမင်းတစ်နပ်စား
- ☐ တခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

(၃) ရက်

- ☐ ရေသန့်
- ☐ သစ်သီးဖျော်ရည်
- ☐ ထမင်းတစ်နပ်စား
- ☐ တခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________





# ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်

**ဆာလံကျမ်း ၁၃၆: ၁-၄**

" ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ဘုရားတို့၏အရှင် ဘုရားသခင်၏ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အရှင်တို့၏သခင် ဘုရားသခင်၏ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ကရုဏာတော် အစဉ်အမြဲတည်သည် ဖြစ်၍ အံ့ဖွယ်သောအမှုတို့ကို တပါးသည်သာ ပြုတော်မူထသော..................."

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၆**

" ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူခြင်းမေတ္တာတော်ကို ငါတို့သည် သိ၍ ယုံကြည်ကြ၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ၏။ "

**ဖတ်ရန်။** ဆာလံ ၁၀၃: ၈-၁၃။ ဆာလံ ၁၃၆။ ယေရမိမြည်တမ်းစကား ၃:၂၀-၂၃

ကျွန်ုပ်တို့၏ အစာရှောင်ဆုတောင်းခြင်းတွင် ကျွန်ုပ်တို့၏ အံ့ဩဖွယ် ဘုရားသခင်နှင့် ပတ်သက်၍ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း၊ သူသည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ၊ လမ်းပြပေးသူနှင့် အသစ်ပြုပြင်မွမ်းမံပေးသူဖြစ်ကြောင်း ဆင်ခြင်ခဲ့ကြသည်။ ထိုအရာများသည် သူ ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသော အမှုအရာများကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ သူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြပေးသည်။ ထိုအရာများသည် ဘုရားသခင်၏ဖြစ်တည်မှုနှင့် သဘောသဘာဝကို ပြန်လည်ဖော်ပြပေးသည်။

## ဆုတောင်းရန်

ဘုရားသခင် ကိုယ်တော့်မှာ အရာတိုင်းအတွက် ကြီးမားသောရည်ရွယ်ချက်ရှိသည်ကို ယုံကြည်ပါ၏။ ကျွန်ုပ်အတွက် ကိုယ်တော်ထားရှိသည့် အကြံအစည်များကို ကိုယ်တော်သိကြောင်း ယုံကြည်ပါ၏။ ထိုအကြံအစည်များသည် ကျွန်ုပ်၏ ကောင်းကျိုးချမ်းသာအတွက် ဖြစ်ပြီး ကိုယ်တော်သည်  အနာဂတ်နှင့်မျှော်လင့်ချက်ကို ကျွန်ုပ်အား ပေးချင်ကြောင်း ယုံကြည်ပါ၏။ ကိုယ်တော်အပေါ်တွင် မှီခိုအားထားကြောင်း ကျွန်ုပ်ကြွေးကြော်ပါ၏။ ကျွန်ုပ်၏ ဆုံးရှုံးသွားသောအရာများကို ပြန်လည်ရရှိရန် ကိုယ်တော်ကို မျှော်ကြည့်ပါ၏။ ထိုမျှမက ကျွန်ုပ်၏ ကယ်တင်ခြင်းနှင့် ငြိမ်သက်ခြင်း အတွက်လည်း ကိုယ်တော်ကို မျှော်ကြည့်ပါ၏။ ကျွန်ုပ်ကို အသစ်ပြုပြင်ပေးမည့်အကြောင်း၊ အတည်ပြုပေးမည့်အကြောင်းနှင့် တည်ဆောက်ပေးမည့်အကြောင်း ဆုတောင်းပါ၏။ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်သည် ကိုယ်တော်ကို နေ့ရက်တိုင်း ရှာဖွေ၍ ကျွန်ုပ်၏အသက်တာ၊ ကျွန်ုပ်၏မိသားစု၊ ကျွန်ုပ်၏နိုင်ငံနှင့် ကမ္ဘာလောကအတွက် ဖွင့်ဟပြထားသော ကိုယ်တော်၏ ကောင်းမြတ်သောအကြံအစည်များကို မြင်တတ်စေရန် ဆုတောင်းပါ၏။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။



## ကျွန်ုပ်၏ အစီအစဉ်

**(၄) ရက်**

- ☐ ရေသန့်
- ☐ သစ်သီးဖျော်ရည်
- ☐ ထမင်းတစ်နပ်စား
- ☐ တခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

**(၅) ရက်**

- ☐ ရေသန့်
- ☐ သစ်သီးဖျော်ရည်
- ☐ ထမင်းတစ်နပ်စား
- ☐ တခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

## အကျွန်ုပ်သည် ဘုရားသခင်ကို ကျေးဇူးတင်သည့် အရာများမှာ..........

### အဖြေပြန်ရသည့် ဆုတောင်းခံချက်များ

၂၀၂၁ နှစ်ဝက်အထိ ကျေးဇူးတော်ချီးမွမ်းမည့် အချက်များ၊ အဖြေပြန်ရသည့် ဆုတောင်းခံချက်များနှင့် သင်ယူခဲ့ရသော သင်ခန်းစာများကို စာရင်းပြုစုပါ။



**ကျွန်ုပ်တို့ ဆုံးရှုံးသွားသည့်အရာကို ပြန်လည်ရရှိစေခြင်းအပြင် ဘုရားသခင်သည် နေရာအနှံ့ရှိလူအားလုံးကို ကယ်တင်ခြင်း၊ ရွေးနှုတ်ကယ်တယ်ခြင်းနှင့် ငြိမ်သက်ခြင်းကို ပေးတော်မူသည်။**

## ဆင်ခြင်ရန်

ကမ္ဘာ့ကပ်ဆိုးကာလတွင် သင့်ထံ၌ရှိနေသော ဆုံးရှုံးမှုများနှင့် နာကျင်စရာများကို ပြန်လည်စဉ်းစားကြည့်ပါ။ ထိုအရာများကို ပြစ်ဒဏ်ပေးခြင်းအတွက်နှင့် သင်၏ ဝိညာဉ်ရေးရာတိုးတက်လာစေခြင်းအတွက် ဘုရားသခင် သုံးနိုင်ပါသလား။ ယေရမိမှတဆင့် ပေးသည့် ဘုရားသခင်၏ကတိတော်နှင့်ပတ်သက်သော သတင်းစကားအပေါ် သင်၏တုံ့ပြန်မှုက အဘယ်သို့နည်း။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသစ်ပြုပြင်မွမ်းမံပေးသူဖြစ်သည်ကို သင် ယုံကြည်ပါသလား။ ဘုရားသခင်သည် ကျွန်ုပ်တို့ သူ့ထံမှ ကောင်းချီးခံစားရရန်နှင့် သူ့အတွက် ကြီးမားသောအမှုကိုပြုစေရန် ကျွန်ုပ်တို့ကို မည်သို့ပြင်ဆင်ပေးနေသနည်း။ သင်သည် နေ့ရက်တိုင်းတွင် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ မည်သို့ရှာဖွေ၍ သူ့အားမျှော်လင့်နိုင်သနည်း။

ပြည်နှင်ဒဏ်ခံထားရချိန်တွင် အိမ်များဆောက်လုပ်ရန်၊ မိသားစုများတိုးပွားအောင်လုပ်ရန်နှင့် သူတို့၏ပြည်တော်ပြန်ရမည့်အချိန်ကိုလည်း စိတ်ရှည်စွာစောင့်ဆိုင်းရန်ဘုရားသခင်သည် သူ၏လူများကို ယေရမိမှတဆင့် ညွှန်ကြားခဲ့သည်။(ယေရမိ ၂၉:၄-၉) ဘုရားသခင်သည် မူလအခြေအနေအတိုင်းပြန်ဖြစ်စေမည်ဟု ကတိပေးခဲ့သည်။ ဘုရားသခင်သည် သူ၏ လူမျိုးများအတွက် ကြွယ်ဝချမ်းသာစေမည့် ထူးကဲသောအကြံအစည်များရှိကြောင်း၊ သူတို့ကို ထိခိုက်ပျက်စီးစေရန် မဟုတ်ကြောင်း၊ မျှော်လင့်ချက်နှင့် အနာဂတ်တစ်ခု ပေးမည့်အကြောင်း သူတို့အား အမှတ်ရစေခဲ့သည်။ ဘုရားသခင်၏လူတို့သည် နောင်တရလျှက် ဘုရားသခင် ထံသို့ ပြန်လည်တိုးဝင်ကာ ဘုရားသခင်ကို ရှာရန် သူတို့၏ စိတ်နှလုံးကို ဖွင့်ခဲ့ကြသည်။ သူ၏လူတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်သည် သူ၏ရိုးသားဖြောင့်မတ်ခြင်းကို သူ၏လူမျိုးတို့အား အမြဲပြသရန်ဖြစ်သည်။ သို့မှသာ သူ၏လူမျိုးတို့သည်လည်း သူ၏ နောက်တော်သို့ လိုက်ချင်လိမ့်မည်။ (တရားဟောရာကျမ်း ၄:၅-၈) ထို့ကြောင့် ဘုရားသခင်၏လူတို့သည် သူ့ထံသို့ ပြန်လည်တိုးဝင်လာသကဲ့သို့ ဘုရားသခင်သည် ထိုသူတို့အား သူတို့၏ ပြည်သို့ ပြန်လည်ပို့ဆောင်မည်ဟု ကတိပြုခဲ့ရုံသာမက သူတို့၏ အခြေအနေကို ယခင်အတိုင်း ပြည်လည်ဖြစ်စေမည်ဟု ကတိတော်ထားရှိခဲ့သည်။

နောက်ဆုံးတွင် ဗာဗုလုန်နိုင်ငံကို စစ်ရှုံးခဲ့၍ အသက်ရှင်ကျန်ရစ်သော လူမျိုးစုသည် ပြည်တော်သို့ ပြန်နိုင်ခဲ့သည်။ ဘုရားသခင်သည် သူ၏ကတိတော်ကို ပြည့်စုံစေခဲ့သည်။ ထို့ထက်သာမက ဘုရားသခင်၏ ကြီးမားသောအကြံအစည်ကို ယေရှုခရစ်မှတဆင့် ပဋိညာဉ်တရားအသစ်အားဖြင့် ပြည့်စုံစေခဲ့သည်။ ပညတ်တော်များကို ကျောက်စာပေါ် တွင် ရေးထိုးမည့်အစား ယခု သူတို့၏နှလုံးသားနှင့် စိတ်ထဲတွင် ရေးထိုးထားသည်။ (ယေရမိ ၃၁:၃၁-၃၅) အကြိမ်ကြိမ်စွန့်လွှတ်အနစ်နာခံမည့်အစား ကားတိုင်ပေါ်တွင် ခရစ်တော်၏အမှုပြီးခြင်းနှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းမှတဆင့် ကယ်တင်ခြင်းကို ပေးခဲ့သည်။ ယုဒလူမျိုးများအတွက်သာ ကယ်တင်ခြင်းပေးမည့်အစား ဘုရားသခင်၏ နာမတော်၌ တောင်းလျှောက်သော လူတိုင်းအတွက် ကယ်တင်ခြင်းရရှိနိုင်သည်။ (ဟေဗြဲ ၈ : ၆ - ၁၃)

ဘုရားသခင်သည် သူ့လူတို့၏ဘဝကို ယခင်အတိုင်းပြန်လည်ဖြစ်စေရုံသာ သစ္စာရှိခြင်း မဟုတ်ဘဲ သူ၏ အံ့ဖွယ်အကြံအစည်များတွင် ယခုဘဝနှင့် ထာဝရအတွက် ခရစ်တော်၌ ကြီးစွာသောမျှော်လင့်ခြင်း ပါဝင်သည်။



**ကျန်ရှိသော ၂၀၂၁ ခုနှစ်အတွင်း ဘုရားသခင် ဆက်လက်အမှုပြုပေးမည်ဟု အကျွန်ုပ် ယုံကြည်ထားသည့် အရာများ ......**

**ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်ခြင်း ပန်းတိုင်များ**

ဝိညာဉ်ရေးရာ ပြန်လည်နိုးကြွခြင်း၊ ခန္ဓာကိုယ်တွင် အနာရောဂါငြိမ်းခြင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့် ပေါများခြင်း၊ ရက်ရက်ရောရောပေးကမ်းခြင်း......

**ကျွန်ုပ်၏မိသားစု**

ဆက်ဆံရေး ပြန်လည်သင့်မြတ်ခြင်း၊ တစ်အိမ်သားလုံး ကယ်တင်ခြင်း ရရှိခြင်း....

**ကျွန်ုပ်၏ ပညာရေး၊ အလုပ်အကိုင်**

ထူးချွန်အောင်မြင်မှု၊ ရာထူးတိုးခြင်း.........

**ကျွန်ုပ်၏ အမှုတော်ဆောင်ခြင်း**

ကျွန်ုပ်ဦးဆောင်နေသော အဖွဲ့ငယ် ကြီးထွားမှု၊ လုပ်ဖော်ကိုင်ဖက်များနှင့် အတန်းဖော်များ ကယ်တင်ခြင်း ရရှိခြင်း.........

*တဖန် ငါဆိုသည်ကား မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင် တောင်းသမျှသော ဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ ခမည်းတော်သည် ပေးတော်မူလတ္တံ့။* **ရှင်မဿဲ ၁၈း၁၉**

ကျွန်ုပ်၏ ဆုတောင်းဖော် ........................................................................................

## ၂၀၂၁ ခုနှစ်အတွင်း ဆုတောင်းပေးမည့်သူများ၏ အမည်စာရင်း

| နံပါတ် | အမည် | ဆုတောင်းရမည့် အချက်အလက်များ |
|---|---|---|
| ၁ | | |
| ၂ | | |
| ၃ | | |
| ၄ | | |
| ၅ | | |
| ၆ | | |
| ၇ | | |
| ၈ | | |
| ၉ | | |
| ၁၀ | | |
| ၁၁ | | |
| ၁၂ | | |
| ၁၃ | | |
| ၁၄ | | |
| ၁၅ | | |





## ဘုရားသခင်သည်  ကျွန်ုပ်တို့၏ အသစ်ပြုပြင်မွမ်းမံပေးသူ ဖြစ်သည်

**ယေရမိအနာဂတ္တိကျမ်း ၂၉:၁၀-၁၄**

တဖန်မိန့်တော်မူသည်ကား ဗာဗုလုန်မြို့၌ အနှစ်ခုနှစ်ဆယ်စေ့သောအခါ သင်တို့ကို ငါ အကြည့်အရှုကြွလာမည်။ ငါထားသော ကတိကောင်းကို တည်စေ၍ သင်တို့ကို ဤပြည်သို့ ငါ ပို့ဆောင်ဦးမည်။ တဖန်မိန့်တော်မူသည်ကား သင်တို့ကို အကျိုးနည်းစေခြင်းငှာ ကြံစည်သောအကြံ မဟုတ်ဘဲ သင်တို့သည် မျှော်လင့်သောအကျိုးကို ရမည့်အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ ကြံစည်သောအကြံတို့ကို ငါ သိ၏။ တဖန် မိန့်တော်မူသည်ကား သင်တို့သည် ငါ့ကို ခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါ နားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့ ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း သင်တို့အတွေ့ကို ခံမည်။ အထက်က ငါ နှင်ထုတ်၍ သင်တို့ခံရသော သိမ်းသွားခြင်းအမှုကို ငါသည် ဖြေရှင်းခြင်းငှာ တိုင်းနိုင်ငံအရပ်ရပ်တို့မှ သင်တို့ကို ငါ စုသိမ်းပြီးလျှင် အထက်က ငါ နှင်ထုတ်၍ သင်တို့ ရှုံးသောပြည်သို့ တဖန် ငါ ဆောင်ခဲ့ဦးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

**ဖတ်ရန်။** ယေရမိ ၃၃:၁၀-၁၃။ ဆာလံ ၃၀။ ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅:၈-၁၀

ယဇ်ပရောဟိတ် ယေရမိသည် သူတို့၏ပြည်မှ ပြည်နှင်ဒဏ်ခံထားရသော ဗာဗုလုန်မြို့ရှိ ယုဒအမျိုးများဆီသို့ စာရေးခဲ့သည်။ ဘုရားသခင်၏ အမိန့်တို့ကို မနာခံခြင်းကြောင့် အနှစ်ခုနှစ်ဆယ်တိုင်အောင် ပြည်နှင်ဒဏ်ခံထားရသော သူတို့ကို ပြင်ဆင်ထားရန် ယေရမိပြောခဲ့သည်။ ဘုရားသခင်သည် သူ၏လူများအပေါ်သစ္စာရှိသော်လည်း ထိုသူတို့သည် နာခံမှုမရှိသောကြောင့် သူတို့အပြစ်၏ အကျိုးဆက်ကို ခံစားခဲ့ရသည်။ သူတို့သည် နာခံခြင်းမရှိသော်လည်း ဘုရားသခင်သည် ငြိမ်ဝပ်စေခြင်းငှာ ကတိတော်ထားရှိခဲ့ပြီး သူ၏သစ္စာရှိမှုပဋိညာဉ်တည်မည်ဖြစ်ကြောင်း အာမခံခဲ့သည်။  ပြည်နှင်ဒဏ်ပေးခြင်းသည် ပြစ်ဒဏ်ပေးခြင်းအတွက်သာ ရည်ရွယ်၍ ပျက်စီးဆုံးရှုံးစေရန်အတွက် မဟုတ်ပါ။

## ဆင်ခြင်ရန်

၂၀၂၀ခုနှစ်တစ်လျှောက်လုံးနှင့် ၂၀၂၁ခုနှစ် ပထမနစ်ဝက်တွင် ဘုရားသခင်သည် သင့်ကို မည်သို့ လမ်းပြခဲ့သနည်း။ ထွက်မြောက်ရာကျမ်း ၁၅မှ မောရှေကဲ့သို့ သင်၏အသက်တာတွင် ဘုရားသခင်၏လမ်းပြမှုကို ပြောသော မည်သည့်ဓမ္မတေး (သို့) ကျမ်းပိုဒ်ကို ဤအချိန်ကာလအတွက် ဆွဲကိုင်ထားသနည်း။

## ဆုတောင်းရန်

ဘုရားသခင့်ကိုယ်တော်၏ ခိုင်မြဲသောချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်ကို လမ်းပြ၍ ကိုယ်တော်၏ အစွမ်းဖြင့် ကျွန်ုပ်ကို ဦးဆောင်ပါ။ ကိုယ်တော်၏နည်းလမ်းများကို ကျွန်ုပ်အား သိစေပါ။ ကိုယ်တော်၏ သမ္မာတရားဆီသို့ ကျွန်ုပ်ကို ဦးဆောင်လမ်းပြပါ။ နှိမ့်ချတတ်စေရန် နှင့် ကိုယ်တော်၏ နည်းလမ်းများကို လိုက်နာတတ်စေရန် ကျွန်ုပ်အား သွန်သင်ပါ။ စိတ်ရှုပ်ထွေးခြင်းနှင့် ယုံမှားသံသယရှိသည့်အချိန်တိုင်းတွင် ကျွန်ုပ်၏အသက်တာကို လမ်းပြရန် ကိုယ်တော်၏နှုတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို မျှော်ကြည့်စေရန် ကူညီပေးပါ။ ကျွန်ုပ်သည် ကိုယ်တော်၏ သိုးသူငယ်ဖြစ်ပြီး ကိုယ်တော်သည် ကျွန်ုပ်ကို ချစ်သော ဤဘဝခရီးလမ်းကို ကျွန်ုပ်နှင့်အတူ လျှောက်လှမ်းသော သိုးထိန်းကောင်းတစ်ဦးဖြစ်၏။ ကျွန်ုပ်အပေါ် ကိုယ်တော်၏သစ္စာစောင့်သိမှုကို အမှတ်ရပါ၏ ကျွန်ုပ်၏ကျန်ရှိနေသော ဘဝအသက်တာအတွက် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ဆက်လက်ယုံကြည်ပါမည်။ ယေရှုနာမတော်၌ ဆုတောင်းပါ၏။ အာမင်။



## ဆုတောင်းရန် ဆက်ကပ်အပ်နှံထားသော အရာများ

### ကျွန်ုပ်၏ အသင်းတော်

အသင်းတော်တွင် ခေါင်းဆောင်မှု၊ ထောက်ပံ့မှု၊ တပည့်တော်ဖြစ်စေခြင်းဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်း....

### ကျွန်ုပ်၏ လူမှုပတ်ဝန်းကျင်

တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံ အစိုးရ၊ သတင်းကောင်း သွားရောက်ဝေငှနိုင်မည့် အခွင့်အရေးများ...............

### အကျွန်ုပ်၏ နိုင်ငံ

အစိုးရ အရာရှိများ၊ ဝိညာဉ်ရေးရာ ပြန်လည်နိုးကြွခြင်း၊ စီးပွားရေးတိုးတက်ကြီးပွားခြင်း၊ ငြိမ်းချမ်းရေးနှင့် ..........

# ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိသည်

**ရှင်ယောဟန်ခရစ်ဝင် ၁:၁-၃ ၊ ၁၄**

"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစုံတခုမျှ မရှိ။" .........."နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။"

**ဖတ်ရန်။** ရှင်မဿဲ ၁:၂၃၊ ဖိလိပ္ပိဩဝါဒစာ ၂:၅-၈

ကျွန်ုပ်တို့သည် ၂၀၂၁ ခုနှစ်ကို ကျွန်ုပ်တို့၏ အံ့ဩဖွယ်ကောင်းသော အကောင်းမြတ်ဆုံး ဘုရား အကြောင်းစဉ်းစားဆင်ခြင်ခြင်းဖြင့်စတင်ခဲ့ပြီး နှစ်ဝက် အစာရှောင်ဆုတောင်းခြင်းကိုလည်း ထိုကဲ့သို့ပင် ဆက်လက်လုပ်ဆောင်ပါမည်။

ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့် အံ့ဩဖွယ်ဖြစ်ခြင်းကို ကျွန်ုပ်တို့ စဉ်းစားသောအခါ သူ၏ ဂုဏ်ကျက်သရေနှင့် ဘုန်းတန်ခိုးတို့နည်းတူ သူ၏အဆုံးအစမဲ့သော တန်ခိုးတော်၊ အသိပညာနှင့် မျက်မှောက်တော်တို့သည် ကျွန်ုပ်တို့စိတ်ထဲသို့ ရောက်လာသည်။ ဘုရားသခင်သည်ရိုးရှင်းစွာဖြင့် ဖြစ်စေဟုသာ သူ ဖန်ဆင်းခဲ့သော စကြာဝဠာထက် အဆုံးအဆမဲ့ပို၍ကြီးမားကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံး၏ အထက်တွင်ရှိသော အနန္တတန်ခိုးရှင်ဖြစ်ပြီး သူ၏ ကြီးမြတ်ခြင်းကို ကျွန်ုပ်တို့ အပြည့်အဝနားလည်သဘောမပေါက်နိုင်ပါ။



ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဆက်လက်လမ်းပြနေခြင်းကြောင့် ကျွန်ုပ်တို့သည် ကြောက်ရွံ့စိတ်နှင့် သံသယစိတ် တို့ဖြင့် လျှောက်လှမ်းရန် မလိုပါ။ သူ၏ ခိုင်မြဲသောချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ကို ဦးဆောင်၍ သူ၏ အစွမ်းဖြင့် ကျွန်ုပ်တို့ကို လမ်းပြပေးသည်။

**ဘုရားသခင်သည် ကျွန်ုပ်တို့၏ လမ်းကြောင်းများကို လမ်းညွှန်ပေးပြီး ကျွန်ုပ်တို့ကို လမ်းပြသောကြောင့် သူ့ကို ယုံကြည်ကိုးစားရန်နှင့် သူ၏ အကြံအစည်ကို နာခံရန် ကျွန်ုပ်တို့ကို ကမ်းလှမ်းသည်။**

## ဆင်ခြင်ရန်

ဘုရားသခင်၏ အကြံအစည်နှင့် လမ်းညွှန်မှု မဟုတ်ဘဲ သင်၏ကိုယ်ပိုင်အကြံအစည်နှင့် လမ်းညွှန်မှုအပေါ် အမှီပြုထားသော နယ်ပယ်ကဏ္ဍများ သင့်ဘဝတွင် ရှိပါသလား။ ယနေ့ မည်သည့်ဆုံးဖြတ်ချက် (သို့) မည်သည့်အခြေအနေအတွက် ဘုရားသခင်၏ လမ်းညွှန်မှုကို သင် လိုအပ်ပါသနည်း။ ဘုရားသခင်သည် ထိုအရာနှင့်ပတ်သက်၍ သင့်ကို ပြောနေကြောင်းကို မည်သို့ယုံကြည်သနည်း။

မသိနားမလည် မသေချာမရေရာသော အခြေအနေမျိုးမှာပင်လျှင် ဘုရားသခင်သည် သူတို့အား လမ်းပြပေးခဲ့သည်။

၂၀၂၀နှင့် ၂၀၂၁ခုနှစ်များသည် မကြုံဖူးသောအရာများစွာကို သယ်ဆောင်လာသည်။ မသေချာမရေရာမှုများစွာ ကျန်ရှိနေပြီး ထိုအရာသည် စိတ်ရှုပ်ထွေးခြင်း၊ ယုံမှားသံသယဖြစ်ခြင်းနှင့် ကြောက်ရွံ့ခြင်းကို ဖြစ်စေသည်။ ဘယ်လိုဘယ်ပုံဖြစ်လာမည်ကို သိချင်မိသည်။ ကျွန်ုပ်တို့ အကူအညီ လိုအပ်ပါသည်။ လမ်းပြသူတစ်ဦး လိုအပ်ပါသည်။ ယခုကဲ့သို့ ခက်ခဲနေချိန်တွင် ဖြေရှင်းနည်းကို သိပြီး ကျွန်ုပ်တို့ကို ဦးဆောင်နိုင်မည့်သူ လိုအပ်ပါသည်။ သိုးထိန်းတစ်ဦး လိုအပ်သော သိုးကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းပြ၍ မဦးဆောင်လျှင် ကျွန်ုပ်တို့၏လမ်းကြောင်းကို ရှာဖွေနိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ချည်းသာဆိုလျှင်ကျွန်ုပ်တို့၏ စိတ်နှလုံးများတွင် သံသယများနှင့် ကြောက်စိတ်များ လွှမ်းမိုးလာသောအခါ ကျွန်ုပ်တို့၏ ကိုယ်ပိုင်သိနားလည်ခြင်းအပေါ် အားကိုးယုံကြည်၍ ကျွန်ုပ်တို့၏ လမ်းကြောင်းများကို ဖြောင့်တန်းအောင်လုပ်ရန် ကြိုးစားခြင်းဖြင့်သာ အဆုံးသတ်သွားပါလိမ့်မည်။ သူ၏ဉာဏ်ပညာနှင့် လမ်းပြမှုအားဖြင့် ဘုရားသခင်သည်သာ ကျွန်ုပ်တို့၏ လမ်းကြောင်းများကို ညွှန်ပြရန် မှီခိုအားထားနိုင်သောသူဖြစ်သည်။

သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အား အကောင်းဆုံးလမ်းကြောင်းကို ညွှန်ပြသော လမ်းပြသက်သက်သာ မဟုတ်ပါ။ ကျွန်ုပ်တို့ လမ်းပျောက်နေချိန်တွင် ကျွန်ုပ်တို့ လမ်းကြောင်းမေးသည့် သူသက်သက် မဟုတ်ပါ။ သူသည် မြေပုံကို ကျွန်ုပ်တို့ဆီ ပေးပြီး ရှောင်ထွက်သွားမည့်သူ မဟုတ်ပါ။ ဘုရားသခင်သည် အစီအစဉ်ဆွဲသော၊ ကျွန်ုပ်တို့သွားမည့်နေရာသို့ လမ်းညွှန်ပေးသော၊ ကျွန်ုပ်တို့နှင့်အတူ လမ်းခရီးတွင် အတူပါရှိသော လမ်းပြသူတစ်ဦး ဖြစ်သည်။ ဘုရားသခင်သည် လမ်းကြောင်း တစ်လျှောက် ခြေလှမ်းတိုင်းတွင် ကျွန်ုပ်တို့နှင့်အတူပါရှိပြီး နေ့ရက်စဉ်တိုင်း ကျွန်ုပ်တို့ကို သူ၏ဦးဆောင်မှုနောက်သို့ လိုက်စေချင်သည်။ ကျန်ရှိနေသောနှစ်ကာလကို ကျွန်ုပ်တို့ ခရီးဆက်ရာတွင် ကျွန်ုပ်တို့သည် တစ်ကိုယ်တည်းမဟုတ်ကြောင်းကို သိခြင်းအားဖြင့် ကျွန်ုပ်တို့၏ စိတ်ချယုံကြည်ခြင်းနှင့်ငြိမ်သက်ခြင်းသည် ဖြစ်ပေါ်လာသည်။



သို့သော် ဘုရားသခင်၏ အံ့ဩဖွယ်ကောင်းသော ကြီးမြတ်ခြင်းကို သူ အဘယ်မျှလောက် ကြီးမားကြောင်းဖြင့် ထင်ထင်ရှားရှားပြသခဲ့ရုံသာမက ကျွန်ုပ်တို့ကို ကယ်တင်ရန်နှင့် အစေခံရန် နှိမ့်ချရိုကျိုးလျှက်ပင်ကျွန်ုပ်တို့နှင့်တန်းတူ ကျွန်ုပ်တို့ကဲ့သို့ သာမာန်လူသား အဖြစ် ဆင်းသက်လာ၍ သူ့ကိုယ်သူ နှိမ့်ချနိုင်စွမ်းကိုလည်း ထင်ရှားစွာပြသခဲ့သည်။

ဘုရားသခင်သည် နှိမ့်ချတတ်ခြင်းကိုယေရှုခရစ်အဖြစ် ဝင်စားခြင်းဖြင့် လက်တွေ့ပြသခဲ့ သည်။ ယေရှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်၏။ သူကိုယ်တိုင်သည်လည်း ဘုရားသခင်၏ သဘောသဘာဝရှိသော သူဖြစ်ပြီး မြင်နိုင်သော မမြင်နိုင်သော အရာ အားလုံးကို ဖန်ဆင်းခဲ့သည့် ဘုရားသခင်ဖြစ်၏။ သူသည် လူသားအဖြစ်ခံယူ၍ စွမ်းဆောင်ရည်အကန့်အသတ်သာရှိသော လူယောကျ်ားဖြစ်လာခဲ့သည်။ ထိုအကြောင်းကို ကျွန်ုပ်တို့ စပြီးမြင်ယောင်ကြည့်နိုင်ပါသလား။ အံ့ဩဖွယ် တန်းခိုးတော်နှင့် ကောင်းမြတ်ခြင်းနှင့်ပြည့်စုံတော်မူသော အဆုံးအစမဲ့ အရာအားလုံးကိုတတ်စွမ်းသော ဘုရားသခင်သည် စွမ်းဆောင်ရည်အကန့်အသတ်သာရှိသော လူသားအဖြစ်ကို ခံယူခဲ့သည်။ ထာဝရအသက်ရှင်နိုင်သော သူသည် သေမျိုးဖြစ်သော လူသား ဖြစ်လာ သည်။ ထာဝရတည်ရှိသောသူသည် အချိန်ဆိုသည့် အကန့်အသတ်ကာလအတွင်း မွေးဖွားကာ အရွယ်ရောက်လာခဲ့သည်။ မြိုးမြ်တတ်သောသူသည် ဆာလောင်မှု ငတ်မွတ်မှုများကို ခံစားခဲ့ရသည်။ စကြာဝဠာကို ဖန်ဆင်းရှင်သည် အဖန်ဆင်းခံရသော လူသားအဖြစ် ခံယူခဲ့သည်။

ဘုရားသခင်သည် ကမ္ဘာလောကတစ်နေရာရာတွင် ရှိနေရုံသာမဟုတ်ဘဲ ကျွန်ုပ်တို့၏ သေးနုတ်လှသော ဘဝများ၏ အတိုင်းထက်အလွန်တွင် ရှိနေပါသည်။ သူသည် ကျွန်ုပ်တို့နှင့်တန်းတူအဆင့်အထိ ဆင်းကြွလာသော ဘုရားသခင်ဖြစ်ပြီး ကျွန်ုပ်တို့၏ အားနည်းချက်များ၊ စိတ်ပျက်စရာများနှင့် ဆင်းရဲဒုက္ခများ၊ ကျွန်ုပ်တို့၏ စိတ်ကူး အိပ်မက် များ၊ မျှော်လင့်ချက်များနှင့် ပြင်းပြသည့်ရည်မှန်းချက်များ၊ ကျွန်ုပ်တို့ဘဝထဲရှိ ကြီးမားသော အမှုအရာများနှင့် သာမာန်ကိစ္စရပ်များကဲ့သို့သော လူသားတစ်ယောက်၏ အခြေအနေကို တွင်းကျကျလက်တွေ့သိကျွမ်းသောသူဖြစ်သည်။

သူသည် ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်ဖြစ်သည်။ (ရှင်မဿဲ ၁:၂၃) ထိုသူသည် ကျွန်ုပ်တို့ ခစားသော ဘုရားသခင်ဖြစ်သည်။

လောက၌မတွေ့ကြုံဖူးသော ကာလအပိုင်းအခြားတစ်ခုကိုကျွန်ုပ်တို့ ပင်ပန်းကြီးစွာဆက်လျှောက်နေရာတွင် ကျွန်ုပ်တို့သည် ဘယ်သောအခါမှ တစ်ကိုယ်တည်းမဟုတ်ကြောင်းကို သိစေသည်။ ကျန်ရှိနေသော ရက်သတ္တပတ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ၊ လမ်းပြပေးသူနှင့်အသစ်ပြုပြင်မွမ်းမံပေးသူဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိလိမ့်မည်။ သူ၏ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းနှင့် သစ္စာရှိခြင်းသည် အကန်အသတ်မရှိကြောင်းကို သိသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် အဘယ်မျှလောက် ကြီးမြတ်၍ အံ့သြဖွယ်ကောင်းကြောင်းကို ကျွန်ုပ်တို့အတူတကွ သိရှိခံစားနိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့နှင့်အတူရှိနေနိုင်ရန် သူ့ကိုယ်သူ နှိမ့်ချဖို့ရန် ရွေးချယ်ခဲ့သူဖြစ်သည်။

**ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူရှိသောကြောင့် ကျွန်ုပ်တို့သည် ဘယ်သောအခါမှ တစ်ကိုယ်တည်းမဟုတ်ပါ။**





# ဘုရားသခင်သည် ကျွန်ုပ်၏ လမ်းပြပေးသူဖြစ်သည်

**ထွက်မြောက်ရာကျမ်း ၁၅:၁၃**

"ရွေးတော်မူသောလူမျိုးကို ကရုဏာတော်အားဖြင့် ပို့ဆောင်တော်မူ၏။ သန့်ရှင်းသော နေတော်မူရာသို့ တန်ခိုးတော်အားဖြင့် လမ်းပြတော်မူ၏။"

**ဖတ်ရန်။** နေဟမိ ၉:၁၉-၂၁။ ဆာလံ ၂၅:၄-၅။ သုတ္တံ ၃:၅-၆

ကမ္ဘာတစ်ဝှမ်းတွင်ဖြစ်ပွားနေသောကပ်ဆိုးကြီးကြောင့် ကျွန်ုပ်တို့ ကန့်သတ်ခံထားရသော အရာများထဲတွင် ခရီးသွားခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်တွင်း ပြည်ပ ခရီးထွက်ခြင်း၊ အကြိုက်ဆုံးနေရာဟောင်းများသို့ လည်ပတ်ခြင်းနှင့် နေရာသစ်များ စူးစမ်းရှာဖွေခြင်းကို လူတိုင်း တမ်းတမိမှာပါ။ သို့သော် မရင်းနှီးသောနေရာတစ်ခုသို့ သင် ခရီးသွားခဲ့မည်ဆိုလျှင် သင် လိုအပ်မည့်အရာတစ်ခုသည် မည်သည့်အရာဖြစ်မည်နည်း။ လက်တွေ့အားဖြင့် လမ်းညွှန်အထောက်အပံ့ လိုအပ်မည်ဖြစ်ပြီး ထိုလမ်းညွှန် အထောက်အပံ့သည် ကွန်ပျူတာအက်ပလီကေးရှင်း၊ မြေပုံစာရွက် (သို့) လမ်းကြောင်းသိသော သူ ဖြစ်နိုင်သည်။ မသိသောနေရာတစ်ခုကို ခရီးမသွားမီ လမ်းပြ လိုအပ်လိမ့်မည်။

အစအဦးကတည်းကပင်ဘုရားသခင်သည် သစ္စာရှိသောခေါင်းဆောင်တစ်ဦးဖြစ်စေရန် သူကိုယ်တိုင် ပြသခဲ့သည်။ သမ္မာကျမ်းစာမှတဆင့် ဘုရားသခင်သည် သူ၏လူများကို လမ်းပြထားသည်။ ထွက်မြောက်ရာကျမ်း ၁၅တွင် မောရှေနှင့် ဣသရေလလူမျိုးတို့သည် ရောမမြို့မှထွက်ခွာရာတွင် အံ့သြဖွယ်ကောင်းသောခရီးကိုနှင်ပြီးနောက် ဘုရားသခင် ကို ကျေးဇူးတော်ချီးမွမ်းနေခဲ့ကြသည်။ ဘုရားသခင်၏ သစ္စာရှိမှု၊ ကျွန်အဖြစ်မှ သူတို့ လွတ်မြောက်နိုင်ရန် ဦးဆောင်ရာတွင် ပြောင်မြောက်သည့်လုပ်ရပ်နှင့် ပင်လယ်နီကို ဘေးကင်းစွာဖြတ်ကူးနိုင်ရန် ပင်လယ်ကိုဖွင့်ပေးခြင်းအတွက် ဘုရာသခင်ကို ချီးမွမ်းဂုဏ်ပြုကြသည်။

## ဆုတောင်းရန်

ဘုရားသခင် ကိုယ်တော်သည် နှစ်သိမ့်မှုပေးသောအရှင်ဖြစ်သည့်အတွက် ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုများကို ကိုယ်တော်ထံတွင်ပုံအပ်ထားပါ၏။ စစ်မှန်သော စိတ်သက်သာရာရခြင်း၏ တစ်ခုတည်းသော အရင်းအမြစ်၊ ကျွန်ုပ်၏ ခိုလှုံရာနှင့် ကျွန်ုပ်၏ခွန်အားအဖြစ် ရှိနေခြင်းကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ တန်ခိုးကြီးမားသော နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် တိုက်ခတ်နေသော မုန်တိုင်းများကို ငြိမ်သက်စေပါ။ ကားတိုင်ပေါ်တွင် ကျွန်ုပ်အတွက် အသေခံတော်မူသည့်အတွက် သခင်ယေရှုကို ကျေးဇူးတင်ပါ၏။ ကိုယ်တော်အားဖြင့် ကျေးဇူးပလ္လင်တော်ရှေ့သို့ ရဲရဲဝင့်ဝင့် လာနိုင်ပါမည့်အကြောင်း၊ ကျွန်ုပ် လိုအပ်ချိန်တိုင်းတွင် သနားခြင်းကရုဏာ နှင့် ကျေးဇူးတော်ကို ခံရပါမည်အကြောင်း ဆုတောင်းပါ၏။ ကျွန်ုပ်၏ ကူညီပေးသူ၊ အတိုင်ပင်ခံနှင့် နှစ်သိမ့်ပေးသူအဖြစ်ရှိနေခြင်းအတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ကျေးဇူးတင်ပါ၏။ ကိုယ်တော်ထံမှ ကျွန်ုပ်ရရှိသော တူညီသည့်နှစ်သိမ့်ခြင်းဖြင့် လိုအပ်နေသောသူများကို နှစ်သိမ့်ပေးရန် ကိုယ်တော်၏ အသုံးတော်ခံအဖြစ် ကျွန်ုပ်ကို သုံးတော်မူပါ။ ယေရှုနာမတော်၌ ဆုတောင်းပါ၏။ အာမင်။



## ဆင်ခြင်ရန်

လွန်ခဲ့သော ၆လကို ပြန်ဆန်းစစ်ကြည့်ပါ။ ဘုရားသခင်အပေါ် သင်၏ နားလည်မှု မည်သို့တိုးပွားလာသနည်း။ ထိုသို့နားလည်မှုတိုးပွားလာချိန်တွင် ဘုရားသခင်သည် သင့်အနားတွင် မည်ကဲ့သို့ ရှိနေခဲ့သနည်း။

ရှင်မဿဲ ၁:၂၃ ကိုဖတ်ရှု၍ ဆင်ခြင်ကြည့်ပါ။ နာကျင်မှုများနှင့် မရေရာမှုများရှိနေသည်ဟု ထင်ရသည့် သင့်ဘဝနယ်ပယ်များကို စဉ်းစားကြည့်ပါ။ ဘုရားသခင်သည် သင်နှင့်အတူ ရှိပြီး "ငါသည် သင်နှင့်အတူရှိနေတယ် ချစ်သား၊ချစ်သမီး။ သင်သည် တစ်ကိုယ်တည်းမဟုတ်။" ဟု သင့်ကို ပြောနေကြောင်း မြင်ယောင်ကြည့်ပါ။ သူ၏ မျက်မှောက်တော်နှင့် သင့်အနားတွင်ရှိနေခြင်းသည် ထိုအခက်အခဲများကို သင် ရင်ဆိုင်နိုင်စေရန် မည်သို့တတ်စွမ်းနိုင်သနည်း။

# ဆုတောင်းရန်

ဘုရားသခင် ကိုယ်တော်၏ကောင်းမြတ်ခြင်းကြောင့်သာလျှင်မဟုတ်ဘဲ ကမ္ဘာလောကတွင် အုံ့ဩဖွယ် စိုးစံအုပ်ချုပ်နေခြင်းအတွက် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်တို့၏ အနားတွင်ရှိခြင်း၊ သားတော်ကို လူသားအဖြစ် စေလွှတ်ခြင်းနှင့် ဖန်ဆင်းတော်မူသည့် အလုံးစုံသောသက်ရှိသက်မဲ့များနှင့်အတူ ကြိမ်းဝပ်တော်မူခြင်းတို့အတွက်လည်း ကျေးဇူးတင်ပါ၏။ ခရစ်တော်၏လူသားအဖြစ်ခံယူတော်မူခြင်းအပေါ် ကျွန်ုပ်၏ နားလည်နိုင်စွမ်း တိုးပွား၍ ကျေးဇူးသိတတ်ရန် ဆုတောင်းပါ၏။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ကျွန်ုပ်ကို လမ်းပြရန်၊ စကားပြောရန်နှင့် နှုတ်ကပတ်တော်၏ နက်နဲမှုဆီသို့ ကျွန်ုပ်ကို ဦးဆောင်ပေးရန် ဆုတောင်းပါ၏။နေ့ရက်တိုင်းနှင့် အချိန်နာရီတိုင်း ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူရှိသည်ကို ယုံကြည်ပါ၏။ ကျွန်ုပ်သည် တစ်ကိုယ်တည်း မဟုတ်ပါ။ ဘယ်သောအခါမှလည်း ကျွန်ုပ်သည်တစ်ကိုယ်တည်းမဖြစ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူရှိတော်မူခြင်းကြောင့် ရှေ့လျှောက်တိုက်ပွဲတိုင်းကို ကျွန်ုပ်ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ဇဝံဂေလိတရားကို ရဲရဲဝင့်ဝင့် ကြွေးကြော်နိုင်ပြီး ဤကမ္ဘာလောကတွင် ဘုရားသခင်၏ နိုင်ငံတော်ကို ကျယ်ပြန့်စေနိုင်မည် ဖြစ်သည်။  ယေရှု၏ နာမတော်၌ ဆုတောင်းပါ၏။ အာမင် ။



# ဆင်ခြင်ရန်

လွန်ခဲ့သော ၆လတွင်မည်သည့်အရာကသင့်ဘဝတွင်ပူဆွေးသောကအရောက်ဆုံး (သို့) အခက်ခဲဆုံးကို ဖြစ်စေခဲ့သနည်း။ ဒုက္ခရောက်နေချိန်တွင် ဘုရားသခင် အတူပါရှိခြင်းသည် သင့်ကို မည်သို့အထောက်အကူဖြစ်စေသနည်း။ (ဆာလံ ၄၆:၁)
ထိုအခက်အခဲများကြားထဲမှ ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့်အရာကို သင်သင်ယူလေ့လာနေသနည်း။

ဘုရားသခင်၏ နှစ်သိမ့်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ကျိုးအတွက်သာ မဟုတ်ဘဲ ဆင်းရဲဒုက္ခခံစားနေရသော အခြားသူများအတွက်လည်း ဖြစ်သည်။ ဘုရားသခင်ထံမှ သင်ရရှိသောနှစ်သိမ့်ခြင်းဖြင့် မည်သူ့ကို သင် နှစ်သိမ့်ပေးနိုင်သနည်း။ ဘုရားသခင်ကို သူတို့၏ နှစ်သိမ့်သူအဖြစ် အခြားသူများ သိရှိနိုင်စေရန် သင် မည်သည့်အရာကို လုပ်ဆောင်လိုစိတ် ရှိပါသနည်း။

**ငြိမ်သက်ခြင်းမြစ်လို ကျွန်ုပ်ကို လမ်းပြသည်**
**ဝမ်းနည်းခြင်း ပင်လယ်လှိုင်းလိမ့်လို**
**ကိုယ်တော် ကျွန်ုပ်အား သင်သောအရာများသည်**
**ကောင်းပေသည် ကောင်းပေသည် စိညာဉ်ဖို့**

ဤကမ္ဘာလောကကြီးသည် အပြစ်တရားကြောင့် ပျက်စီးလျက်ရှိပြီး နာကျင်ခြင်းနှင့် သေခြင်းတရားကို မလွဲမသွေကြုံတွေ့ရသည်။ သို့သော် ဘုရားသခင်သည် လူသားတို့ကို ရွေးနုတ်ကယ်တင်ရန်နှင့် အရာအားလုံးကို ပကတိအတိုင်းပြန်လည်ရှိစေမည်ဟုကတိပေးထားသည်။ တစ်နေ့နေ့တွင် လူသားတိုင်း၏ မျက်ရည်ကို သုတ်ပေးလိမ့်မည်။ သေခြင်းတရားနှင့် ဝမ်းနည်းပူဆွေးစရာများလည်း ရှိတော့မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ထာဝရနှစ်သိမ့်မှုပေးသောအရှင် ဘုရားသခင်၏ မျက်မှောက်တော်တွင် အမြဲတမ်း ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ခံစားရလိမ့်မည်။ (ဗျာဒိတ်ကျမ်း ၂၁:၃-၄) ကျွန်ုပ်တို့၏ စိတ်သက်သာရာရခြင်းနှင့် မျှော်လင့်ချက်သည် ထာဝရတည်သော ဘုရားသခင်၏ ကတိတော်ပေါ်တွင် အကြွင်းမဲ့မှီခိုအားထားသည်။

Spafford ကဲ့သို့ မျှော်လင့်ထားသလိုဖြစ်မလာသည့်အခါ ကျွန်ုပ်တို့ကို နှစ်သိမ့်ပေးသော ကျွန်ုပ်တို့၏ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းဖြင့် ဘဝ၏ အဖြစ်ဆိုး၊ ဝမ်းနည်းပူဆွေး စရာနှင့် နာကျင်စရာများကို တုံ့ပြန်နိုင်ရသောအခွင့်ပေးပါ။ ဘုရားသခင်၏ မျက်မှောက်တော်ကြောင့် ' ကောင်းပေသည် ငါ့ စိညာဉ်ဖို့' ဟု ပြောနိုင်ရသော အခွင့်ကိုလည်းရပါစေ။ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ ရရှိသောနှစ်သိမ့်ခြင်းအားဖြင့်လည်း တပါးသူများကို ကျွန်ုပ်တို့ နှစ်သိမ့်ပေးနိုင်သောအခွင့်ကိုလည်းရပါစေ။

**ဘုရားသခင်ထံမှ ကျွန်ုပ်တို့ အကူအညီတောင်းသောအခါ သုံးပါးတစ်ဆူ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည်။**





# ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ ဖြစ်သည်

**ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၁:၃ - ၅**

" သနားခြင်းကရုဏာ၏ အဘ၊ သက်သာခြင်းအမျိုးမျိုးတို့၏ အရှင်တည်းဟူသော ငါတို့၏သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့ ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသူတို့အား သက်သာစေနိုင်မည့်အကြောင်း ဆင်းရဲခြင်း အမျိုးမျိုးတို့၌ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။ အဘယ်သို့နည်း ဟူမူကား ခရစ်တော်ကြောင့် ငါတို့ခံရသော ဆင်းရဲခြင်းသည် အလွန်များပြားသည့်နည်းတူ ခရစ်တော်၏ ကျေးဇူးအားဖြင့် ငါတို့ခံရသောသက်သာခြင်းသည် အလွန်များပြား၏။"

**ဖတ်ရန်။** ဆာလံ ၄၆ ။ ဆာလံ ၁၁၉:၅၀၊ ၇၆။ ရှင်ယောဟန် ၁၄:၁၆-၁၇။
ဟေဗြဲ ၄:၁၄-၁၆။ ဗျာဒိတ်ကျမ်း ၂၁:၃-၄။

၁၈၇၃ ခုနှစ် နိုဝင်ဘာလတွင် Horatio Spafford ဟုခေါ်သော အမျိုးသားတစ်ဦးသည် ဥရောပကို သူ့မိသားစုနှင့် မဖြစ်မနေခရီးတစ်ခုသွားရန် စီစဉ်ခဲ့သည်။ လွန်ခဲ့သော ၂နှစ်တွင် သူတို့ ဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ ၁၈၇၁ ခုနှစ်တွင် ချီကာဂို၌ အကြီးအကျယ် မီးလောင်ကျွမ်းမှုကြောင့် သူတို့၏ ငွေကြေးအခြေအနေ ကျဆင်းမှုဖြစ်ခဲ့ပြီးသူတို့၏ ပိုင်ဆိုင်မှုအများစုနှင့် ရင်းနှီးမြှုပ်နှံမှုများ လောင်ကျွမ်းပြာကျခဲ့သည်။

ခရီးထွက်မည့်ဆဲဆဲတွင် ရုတ်တရက်လုပ်ငန်းလိုအပ်ချက်ကြောင့် Spafford နေခဲ့ရပြီး သူ့မိသားစုသည် မီးသင်္ဘောဖြင့် အရင်လိုက်ပါခဲ့ကြသည်။ သို့သော် မိသားစု အပန်းဖြေ ခရီးတစ်ခုအဖြစ် ရည်ရွယ်ထားသော အရာသည် ကြောက်မက်ဖွယ်ကောင်းသော အဖြစ်ဆိုးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သင်္ဘောသည် အတ္တလန္တိတ် သမုဒ္ဒရာ ကို ဖြတ်သန်းရာတွင် အခြားသင်္ဘောတစ်စင်းနှင့် အပြင်းအထန်တိုက်မိခဲ့သည်။

Spafford ၏ သမီး ၄ဦးစလုံး သေဆုံးခဲ့ပြီး သူ၏ ဇနီးတစ်ဦးသာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ သူ့သမီးများ၏ သေဆုံးမှုကို ကြေးနန်းစာမှတစ်ဆင့် Spafford သိခဲ့ရပြီး သူ၏ ပူဆွေးသောကရောက်နေသော ဇနီးသည်ကို တွေ့ရန် အင်္ဂလန်သို့ ချက်ချင်းရွက်လွှင့်ခဲ့သည်။

မှန်ရာကို ပြောရလျှင် ထိုကဲ့သို့သော အဖြစ်ဆိုးများသည် ကျွန်ုပ်တို့အများစုအတွက် မထူးဆန်းတော့ပါ။ ကမ္ဘာအနှံ့တွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်ရောဂါသည် လူတိုင်းအတွက် အန္တရာယ်ဖြစ်စေပြီး ကမ္ဘာတစ်ဝှမ်းတွင် လူသန်းပေါင်းများစွာ သေဆုံးမှုကို ဖြစ်စေသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသော ဘေးဒုက္ခများသည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်များကို ထိခိုက်စေသည်။

သို့သော်လည်း အက်ကွဲကြောင်းများကြားမှတဆင့် ဘုရားသခင်၏ စိတ်သက်သာရာ ရစေခြင်းရောင်ခြည်သည် ထွန်းလင်းတော်မူသည်။ ထိုအရာသည် ကောရိန္သုဩဝါဒစာ ဒုတိယစောင်မှ ရှင်ပေါလု၏ သတင်းစကား ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ ဖြစ်သည်။ ရှင်ပေါလုသည် သူ့အသက်တာ တစ်လျှောက်လုံးနှင့် အသင်းတော်တွင် ရင်ဆိုင်ခဲ့ရသည့် အမျိုးမျိုးသော ဆင်းရဲဒုက္ခများကိုသာ ရေးသားခဲ့ခြင်း မဟုတ်ဘဲ ဘုရားသခင်၏ နှစ်သိမ့်ပေးခြင်းကို ကိုယ်တွေ့ကြုံခဲ့ရကြောင်းလည်း ရေးသားထားသည်။

သူ၏ ကောင်းကင်ဘုံပလ္လင်ပေါ်မှ အရာအားလုံးကို အုပ်စိုးတော်မူသည့် အနန္တဘုရားသခင်သည် စိတ်နှလုံးကြေကွဲနေသောသူများနှင့် အနီးဆုံးတွင်ရှိသော စကြာဝဠာနေရာတိုင်းတွင်ရှိသည့် ဘုရားသခင်ဖြစ်သည်။

- ကျွန်တို့၏ ကောင်းကင်ဘုံအဖသည် ကျွန်ုပ်တို့၏ ဆင်းရဲခြင်းအားလုံးကို သက်သာစေတော်မူသော နှစ်သိမ့်ခြင်းအရှင် ဘုရားသခင်ဖြစ်သည်။

- ယေရှုသည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်း ဖြစ်ပြီး ကျွန်ုပ်တို့နှင့်အတူ မျှဝေခံစားနိုင်သောသူ ဖြစ်သည်။ ကျွန်ုပ်တို့ လိုအပ်ချိန်တိုင်း သနားခြင်း ကရုဏာ တော်နှင့် ကျေးဇူးတော်ကို လက်ခံရရှိစေရန် ရဲရင့်သောစိတ်ဖြင့် သူ့ထံသို့ ချဉ်းကပ်ရန် ကမ်းလှမ်းသောသူ ဖြစ်သည်။



ကားတိုင်ပေါ်တွင် သူ၏ အသေခံခြင်းကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင် အမွေဆက်ခံရမည်ဖြစ်ကြောင်း အမှန်တရားအားဖြင့် ကျွန်ုပ်တို့ကို စိတ်သက်သာရာရစေသည်။

- သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူ၊ ကျွန်ုပ်တို့ကို အခွင့်အာဏာပေးသော အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဝမ်းနည်းပူဆွေးမှုကို စကားလုံးအားဖြင့်မဖော်ပြနိုင်သည့်အခါ ကျွန်ုပ်တို့အတွက် ကြားဝင်ဖြန်ဖြေပေးသူ ဖြစ်သည်။ ဂရိဘာသာစကားအရ ( parakletos ) နှစ်သိမ့်ပေးသူဆိုသည့် အဓိပ္ပါယ်မှာ နှစ်သိမ့်ပေးခြင်း၊ အားပေးခြင်း (သို့) တစ်စုံတစ်ယောက်ကိုယ်စား ကြားဝင်ဖြန်ဖြေပေးခြင်း အားဖြင့် ကူညီပေးရန်အနီးအနားတွင် ရှိသောသူဟု အဓိပ္ပါယ်ရသည်။

ဝမ်းနည်းပူဆွေးနေချိန်တွင် အဖ၊သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဟူသော သုံးပါးတစ်ဆူဘုရားသခင်သည် သူ့အား ကျွန်ုပ်တို့ အကူအညီတောင်းသောအခါ ကျွန်ုပ်တို့အနားတွင် ရှိတော်မူသည်။ ထိုသို့ကျွန်ုပ်တို့နှင့်အတူ ရှိနေခြင်းသည် ကျွန်ုပ်တို့ အတွက် စိတ်သက်သာရာရခြင်းနှင့် ယုံကြည်စိတ်ချရခြင်း အကြောင်းပင်ဖြစ်သည်။ စုံစမ်းနှောက်ယှက်ခြင်းများနှင့် ဆင်းရဲဒုက္ခရောက်ခြင်းသည် လက်တွေ့ကျသော နည်းလမ်းများဖြင့် ဘုရားသခင်၏ နှစ်သိမ့်ပေးခြင်းကို ကျွန်ုပ်တို့အား သိမြင်ခံစားစေသည်။ ထိုနည်းတူစွာပင် ညအမှောင်ထုသည် ကျွန်ုပ်တို့အား ကြယ်ကလေးများ၏ အလှတရားကို ရှုမြင်ခံစားခွင့်ပေးသည်။

Horatio Spaffordသည် သူ့ဇနီးနှင့် တွေ့ရန်ခရီးသွားရာတွင် သူ လိုက်ပါလာသည့် သင်္ဘောသည် သူ၏ သမီးများသေဆုံးခဲ့သည့် နေရာကို ဖြတ်သန်းသွားခဲ့သည်။ ယနေ့ထက်တိုင် ယုံကြည်သူများကို ဆက်လက် စိတ်သက်သာရာရစေသည့် အမြဲထာဝရဖြစ်စေသော ဓမ္မတေးတစ်ပုဒ်ကို ရေးခြင်းဖြင့် သူ၏ ကြေကွဲနေသော စိတ်ဝိညာဉ်ကို စိတ်သက်သာရာရစေခဲ့သည်။